# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး
# ၁၅ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၂-၁၂-၂၀၁၆ ]
# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၅ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ မူဆယ်မြို့ စစ်ဘေးရှောင် ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရန်အတွက် လွှတ်တော်သို့ တင်ပြခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ထိုင်း၊ မလေးရှားနှင့် စင်္ကာပူတို့ကဲ့သို့သော နိုင်ငံများသို့ မြန်မာနိုင်ငံသားများ သွားရောက် လည်ပတ်လုပ်ကိုင်ရာတွင် အခက်အခဲ မကြုံတွေ့စေရန်၊ ထိုကဲ့သို့ ကူးလူးဆက်ဆံမှုများသော နိုင်ငံများတွင် နေထိုင်လုပ်ကိုင်စဉ်အတွင်း ဆောင်ရန်၊ ရှောင်ရန်နှင့် အကူအညီ တောင်းခံနိုင်ရန် အချက်အလက် အကျဉ်းချုပ် ပါဝင်သော အသိပညာပေးရေး စာအုပ်ငယ်များ ရိုက်နှိပ်/ဖြန့်ချိပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **အိန္ဒိယအစိုးရက နှစ်နိုင်ငံသဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းနှင့် မညီဘဲ ဆောက်လုပ်ထားသော မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုး အစိတ်အပိုင်းများ ဖျက်သိမ်းဖယ်ရှားနိုင်ရေး အိန္ဒိယအစိုးရနှင့် ညှိနှိုင်း ဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **မလေးရှားနိုင်ငံသို့ သွားရောက်မည့်သူများသည် ယခင်က Visa ကြေး (USD 6) သာ ကုန်ကျရာမှ ၁၈-၁-၂၀၁၆ ရက်နေ့မှ စတင်ကာ (USD 57) သို့ ပိုမိုကုန်ကျနေရသော One Stop Center (OSC) စနစ်ကို ပြန်လည်သုံးသပ်ရန် သို့မဟုတ် ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် နိုင်ငံသားများ၏ ပိုမိုကုန်ကျငွေများ သည် နိုင်ငံတော်အတွက် အခွန်မည်မျှရရှိသည် သို့မဟုတ် မည်သူတို့က ရယူခံစားနေသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ပလောင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့တွင် မူးယစ်ဆေးစွဲ ကုသလိုသူများအတွက် သီးသန့် ဆေးကုသဆောင်တစ်ဆောင် ခွင့်ပြုချမှတ် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်၊ ရှင်းလက်ဝကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနနှင့် သံထောင်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနတို့ကို ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံများအဖြစ် တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း၊

(စ) ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင် ပြည်သူ့ဆေးရုံကြီးကို ခုတင် ၅၀ ဆံ့ဆေးရုံမှ ခုတင် ၁၀၀ ဆံ့ စံကိုက်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ချင်းရွှေဟော်မြို့၏ ၁၆ ခုတင်ဆံ့ဆေးရုံကို ၂၅ ခုတင်ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **အမျိုးသမီးများအတွက် မိသားစုစီမံကိန်းနှင့် သက်ဆိုင်သော သားဆက်ခြားခြင်း/ ကိုယ်ဝန်ဆောင်ခြင်း/မီးဖွားခြင်း စသည့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတနှင့် သတင်းအချက်အလက်များရရှိနိုင်မှု၊ လုံလောက်သော ကျန်းမာရေးဂရုပြုစောင့်ရှောက်မှု၊ အာဟာရဖြည့်တင်းမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် မည်သည့် အစီအစဉ်ဖြင့် ဆောင်ရွက်နေပြီး ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအား ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် ဘတ်ဂျက်တိုးမြှင့်သုံးစွဲပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၁၆ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။